# ဆံပင်ခ

ထိပ်ပြောင်နေသူတစ်ဦး ဆံပင်ညှပ်ဆိုင်သို့ ဝင်လာပြီး ဆံသဆရာကို ...

"ကျုပ်မှာ ဆံပင်နည်းနည်းလေးပါဗျာ၊ ဆံပင်ညှပ်ခလျှော့ယူပါ" ဟု ဈေးဆစ်ရာ ဆံသဆရာက သူ့ကိုကြည့်၍ ပြန်ပြောလိုက်သည်မှာကား .....

"ကျွန်တော် ဆံပင်ညှပ်ခယူတာ မဟုတ်ပါဘူးဗျာ၊ ခဲရာခဲဆစ်နဲ့ ဆံပင်ရှာရတဲ့ အဖိုးအခကိုသာ ယူမှာပါဗျာ" ဟူ၏။ ။